# ယာဉ်မတော်တဆမှုဖြစ်ပွားသည့် ယာဉ်မောင်းများ၏ ယာဉ်မောင်းလိုင်စင်များအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအလိုက် ယာဉ်မောင်းလိုင်စင် ယာယီရုပ်ဆိုင်းရန်ကာလ

| စဉ် | ရာဇသတ်ကြီး ဥပဒေပုဒ်မ | ပြစ်မှုအမျိုးအစား | ယာယီရုပ်ဆိုင်း ကာလ |
|---|---|---|---|
| (က) | ၂၇၉ | မဆင်မခြင်မောင်းနှင်မှု | (၁)နှစ် |
| (ခ) | ၃၃၇ | သာမန်ဒဏ်ရာရမှု | (၂)နှစ် |
| (ဂ) | ၃၃၈ | အပြင်းအထန်ဒဏ်ရာရမှု(၂)ဦးအထိ | (၃)နှစ် |
| (ဃ) | ၃၃၈ | အပြင်းအထန်ဒဏ်ရာရမှု(၃)ဦးနှင့်အထက် | (၄)နှစ် |
| (င) | ၃၀၄(က) | လူသေမှု(၂)ဦးအထိ | (၅)နှစ် |
| (စ) | ၃၀၄(က) | လူသေမှု (၃)ဦးနှင့်အထက် | ရာသက်ပန် |
| (ဆ) | ၂၇၉၊ ၃၃၇၊ ၃၃၈၊ ၃၀၄(က) | ပြစ်မှုကျူးလွန်သည့် ယာဉ်မောင်းက ယာဉ်မောင်းလိုင်စင်မရှိကြောင်း ထွက်ဆိုသော်လည်း စိစစ်ဖော်ထုတ်၍ ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူဖြစ်ကြောင်း ပေါ်ပေါက်ခြင်း | ရာသက်ပန် |

# ယာဉ်မောင်းလိုင်စင် ယာယီရပ်ဆိုင်းခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နိုင်ငံအတွင်း ယာဉ်မတော်တဆမှုကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုစီးပွားဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းလာစေရေးကို ရှေးရှုလျက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယာဉ်တိုက်ခိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများတွင် လမ်းအသုံးပြုသူများ၏ ပေါ့ဆမှုကြောင့် အများဆုံးဖြစ်ပွားလျက်ရှိပြီး ယာဉ်မောင်းနှင်သူများ၏ လမ်းစည်းကမ်း လိုက်နာမှု အားနည်းခြင်း၊ မဆင်မခြင်မောင်းနှင်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းနှင့်သေဆုံးခြင်းများဖြစ် ပေါ်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရသဖြင့် ယာဉ်မောင်းနှင်သူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်းလိုက်နာမှုကို တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထိန်းကျောင်းသွားရန် လိုအပ်လျက်ရှိ ပါသည်။

၂။ အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စေသည့် ယာဉ်မောင်းနှင်သူများ၏ကျူးလွန်သည့် ပြစ်မှုအမျိုး အစားများအလိုက် ၎င်းတို့၏ ယာဉ်မောင်းလိုင်စင်များအား ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း နှင့်ဖျက်သိမ်းခြင်း၊ သတ်မှတ်ကာလပြည့်မီသော ယာယီရပ်ဆိုင်းထားသည့် ယာဉ်မောင်းလိုင်စင်များ ကို လိုအပ်သော စစ်ဆေးမှုများ ခံယူစေ၍ အောင်မြင်ပါက ပြန်လည် ထုတ်ယူခွင့်ပြုရန်ဖြစ်ပါသည်။

၃။ ထို့ပြင် တရားရုံးစီရင်ချက်အမိန့်၌ နှစ်ဦးနှစ်ဘက်ကျေနပ်ပြေလည်၍ ပြစ်မှုကျူးလွန်ထား သည့် ယာဉ်မောင်းနှင်သူအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄ (က) အရ စွဲချက်မတင်မီ အမှုမှ (တရားရှင်) လွှတ်ခြင်း သို့မဟုတ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၉၄(ခ) အရ စွဲချက်တင်ပြီး အမှုမှ (တရားသေ) လွှတ်ခြင်းတို့နှင့် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်လွင်၍ ဒဏ်ကြေးငွေ ပေးဆောင် စေခြင်း သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်း အမိန့်တို့ ချမှတ်ထားသည်ကို စစ်ဆေးတွေ့ရှိရပါက အဆိုပါ ယာယီရပ်ဆိုင်းထားသည့် ယာဉ်မောင်းလိုင်စင်အား သတ်မှတ်ကာလအတိုင်း ဆက်လက် ရပ်ဆိုင်းထားရန် ဖြစ်ပါသည်။

## ယာဉ်မောင်းလိုင်စင်ယာယီရပ်ဆိုင်းခြင်းနှင့် စပ်လျဉ်း၍ ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူထံသို့ ဆက်သွယ် အကြောင်းကြားရန်ကိစ္စ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် နိုင်ငံအတွင်း ယာဉ်မတော်တဆမှုကြောင့် ပြည်သူတို့၏ အသက်နှင့်လူမှုစီးပွားဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းလာစေရေးကို ရှေးရှုလျက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ သို့ရာတွင် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများတွင် လမ်းအသုံး ပြုသူများ၏ ပေါ့ဆမှုကြောင့် အများဆုံးဖြစ်ပွားလျက်ရှိပြီး ယာဉ်မောင်းနှင်သူများ၏ လမ်းစည်းကမ်း လိုက်နာမှု အားနည်းခြင်း၊ မဆင်မခြင်မောင်းနှင်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် သေဆုံး ခြင်းများဖြစ်ပေါ်လျက်ရှိသည်ကို သုံးသပ်တွေ့ရှိရပါသည်။ အဆိုပါ ယာဉ်မတော်တဆမှုဖြစ်စေသည့် ယာဉ်မောင်းနှင်သူများ၏ယာဉ်မောင်းလိုင်စင်များနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက် သူများ၏ ယာဉ်မောင်းလိုင်စင်များအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်သောယာဉ် တိုက်ခိုက်မှုသုံးသပ်ချက် အချက်အလက်များအပေါ် အခြေခံ၍ကျူးလွန်သည့် ပြစ်မှုအမျိုးအစားများ အလိုက် ယာဉ်မောင်းလိုင်စင်များ ယာယီရပ်ဆိုင်းခြင်းကို ဆောင်ရွက်လျက်ရှိပါ သည်။

၂။ ယာဉ်မောင်းလိုင်စင် ကိုင်ဆောင်သူများသည် ၎င်းထံသို့ ယာဉ်မောင်းလိုင်စင် လာရောက်အပ် နှံရေးအတွက် အကြောင်းကြားစာ လက်ခံမရရှိသည့်အတွက် ယာဉ်မောင်းလိုင်စင်ပြန်လည်ထုတ်ယူ သက်တမ်းတိုးခွင့်ပြုနိုင်ရေးလျှောက်ထားတင်ပြလျက်ရှိခြင်း၊ ရုံးချုပ်က ယာယီရပ်ဆိုင်းခြင်းမပြုမီ ကာလအတွင်း၌ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားထားသည့် ယာဉ်မောင်းများသည် **တရားရုံး၏စွဲချက်မတင်မီ လွှတ်ကြောင်း**အမိန့်ရရှိပြီးနောက် အခြားယာဉ်မောင်းလိုင်စင်များသို့ ကူးပြောင်းလျှောက်ထား၍ ဖြေ ဆိုအောင်မြင်ကြပြီး ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးသည့်အချိန်မှသာ ယာယီရပ်ဆိုင်းကာလများ ကို စတင် ခံစားနေကြသောကြောင့်ဟုဆိုကာ ယာဉ်မောင်းလိုင်စင်ပြန်လည်ထုတ်ယူခွင့်ရရန်တင်ပြ လျှောက်ထားလျက်ရှိကြသောကြောင့် **နောက်ဆက်တွဲ**စာပါအတိုင်း ယာဉ်မောင်းလိုင်စင် ရပ်ဆိုင်းခံ ရကြောင်း လက်ခံရရှိပါက သက်ဆိုင်ရာရုံးများသို့ အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

**ခရိုင်ရုံး(............)**

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**..................မြို့**

**စာအမှတ်၊.........................**

**ရက်စွဲ၊ ...........................**

အကြောင်းအရာ။ **ယာယီရပ်ဆိုင်းခြင်းခံထားရသော ယာဉ်မောင်းလိုင်စင်အား လာရောက် အပ်နှံရန်ကိစ္စ**

ရည် ညွှန်း ချက်။ ရုံးချုပ်(နေပြည်တော်)၏ ..............ရက်စွဲပါစာအမှတ်၊ ကသ-၉၀၁/.../....

၁။ အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ လူကြီးမင်းသည်(.............)ရက်နေ့တွင် .............. မြို့နယ်၌ ယာဉ်တိုက်ခိုက်မှုဖြစ်ပွားခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က(............)လတွင် ပေးပို့သော ယာဉ်တိုက်ခိုက်မှုသုံးသပ်ချက်ဖြစ်စဉ်တွင် လူကြီးမင်းအား ရာဇသတ်ကြီးပုဒ်မ(..................)ဖြင့် အရေးယူဆောင်ရွက်ထားကြောင်း ဖော်ပြပါရှိပါသည်။ သို့ဖြစ်ပါ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်၍ ယာဉ်မဆင်ခြင်မောင်းနှင်မှုကြောင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေနှင့်အညီ လူကြီးမင်း၏ ယာဉ်မောင်းလိုင်စင်(.....................)အား (............) နှစ် ယာယီရပ်ဆိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂။ သို့ပါ၍လူကြီးမင်းကိုင်ဆောင်နေသည့် ယာဉ်မောင်းလိုင်စင်အား ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်မော်တော်ယာဉ်စီမံခန့်ခွဲမှုနည်းဥပဒေများ ၊ နည်းဥပဒေ ၂၂၈ အရ (.........................) ရုံးထံသို့ အမြန်ဆုံး မပျက်မကွက်လာရောက်အပ်နှံရန် အကြောင်းကြားပါသည်။ ယာဉ်မောင်းလိုင်စင် လာရောက်အပ်နှံသည့်အချိန်မှ စတင်၍ ယာဉ်မောင်းလိုင်စင် ယာယီရပ်ဆိုင်းခြင်းကာလအား စတင် သတ်မှတ်မည် ဖြစ်ပါသည်။

၃။ ယာဉ်မောင်းလိုင်စင်အား လာရောက်အပ်နှံခြင်း မရှိပါက သက်တမ်းတိုးလာရောက်ဆောင်ရွက် သည့်အခါ(သို့မဟုတ်) ပျောက်/ပျက်စီး မိတ္တူများ လာရောက်ထုတ်ယူသည့်အခါတွင် လူကြီးမင်း၏ ယာဉ်မောင်းလိုင်စင်အား သိမ်းဆည်း၍ ယာယီရပ်ဆိုင်းခြင်းကာလအား စတင် ရေတွက် သတ်မှတ် မည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားပါသည်။

(.......................)

ဦးစီးမှူး

**အမည်၊ ..................................**

**နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ...............................**

**နေရပ်လိပ်စာ၊..................................**